# The Republic of the Union of Myanmar
# Anti-terrorism Central Committee

Order No. 1/2017
1379 MY 4 Waxing Day of Tawthalin
(25 August 2017)

## Declaring as Terrorist Group

**The Anti-Terrorism Central Committee has issued this Order with the approval of the Union Government in exercise of the Anti-Terrorism law Section-72 Sub-section (B).**

1. **The Government of the Republic of the Union of Myanmar has formed various committees to undertake the tasks for security, stability and peace, rule of law, regional development in Rakhine State and also carried out for the regional security and development tasks, health care services and fulfilling the requirements of the State.**

**SEE PAGE-3**

# Declaring as Terrorist Group

FROM PAGE-1

2. On 9 October 2016 the terrorists launched a surprise attack on the No.1 Border Guard Police Head Quarter (Kyikanpyin), police outpost at Kotankauk and Ngakhuya local administrative office. In that incident 9 police were killed and 48 assorted arms, 6624 bullets, 47 bayonets, 164 bullet cartridges were seized by the terrorists. It was investigated that the terrorists had infiltrated the area where the majority of the residents were Muslim and organized to escalate the extremist terrorism in that area.
3. In light of these events, the Border Security Troop No (1) have increased their troop numbers and are collaborating with the Tatmadaw to provide security in the region. The multiple killings, threats and propaganda have slowed down the process for regional peace and rule of law to take place. Clearance operations in May Yu Mountain have also uncovered multiple terrorist training camps.
4. On 25 August extremist terrorist groups launched sneak attacks on thirty police sentry outposts in Maungtaw, Buthidaung and Yathedaung townships and also on the Area Regiment Headquarters in Taungthazar village. It is reported that 10 Myanmar police officers, 1 Tatmadaw soldier and 1 immigration officer were killed while 9 security officers and multiple civilians were wounded and six firearms were stolen.
5. The Government of the Republic of the Union of Myanmar firmly disapproves of these terrorist activities and will do all in its power to prevent these from happening and bring justice to the perpetrators and their supporters.
6. Therefore, the Union Government herely declares that the aforementioned extremist terrorist groups and the Arakan Rohingya Salvation Army (ARSA) which is responsible for the aforementioned extremist terrorists are extremist terrorist group in accordance with the Counter-Terrorism Law Section 6, Sub-Section 5.

*Chairman*
*Anti-Terrorism Central Committee*
*( Unofficial Translation )*

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇**

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်**

**(၂၀၁၇ ခုနှစ်၊ ဩဂုတ် လ ၂၅ ရက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အတွင်းနေ တိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ရန် နှင့် ရခိုင်ပြည်နယ် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး ၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်နိုင်ရန် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်ပြင် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် အကြမ်းဖက်သမားများသည် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်း နှင့် ငါးခူရနယ်မြေရုံးများကို အလစ်အငိုက် အကြမ်းဖက် ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၉ ဦး ကျဆုံးပြီး လက်နက်မျိုးစုံ ၄၈ လက်၊ ကျည်မျိုးစုံ ၆၆၂၄ တောင့်၊ လုံစွပ် ၄၇ ချောင်း ၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့ရသည်။ ယင်းဖြစ်စဉ်သည် ၎င်းဒေသတွင် အများစု နေထိုင်ရောက်ရှိလျက်ရှိသော အစ္စလာမ်ဘာသာဝင်များအတွင်း အစွန်းရောက် အကြမ်းဖက်ဝါဒ တိုးမြှင့်လာစေရန် အချိန်ယူ စည်းရုံးသိမ်းသွင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု စစ်ဆေးဖော်ထုတ်ရရှိခဲ့သည်။

၃။ အဆိုပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့သည် လုံခြုံရေး အင်အား ထပ်မံဖြည့်တင်း၍ တပ်မတော်နှင့် ပူးပေါင်းပြီး ဒေသလုံခြုံရေး ၊ တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်လျက်ရှိစဉ် ဒေသခံတိုင်းရင်းသားများအား သတ်ဖြတ်မှု၊

MOFA | MMRS v1.0.0 | Printed By : ON 27/08/2017 14:40:48

ခြိမ်းခြောက်မှု၊ ဝါဒဖြန့်မှုဖြစ်စဉ်များကြောင့် ဒေသတည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေးတို့တွင် အဟန့်အတား ဖြစ်စေခဲ့ပါသည်။ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်စဉ် မေယုတောင်ကြောပေါ်တွင် အကြမ်းဖက်သမားများ၏ ခြေကုပ်စခန်းများကို စစ်ဆေးတွေ့ရှိခဲ့သည်။

၄။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများသည် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင် မြို့နယ်အတွင်းရှိ လုံခြုံရေးဆောင်ရွက်နေသော ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို တစ်ချိန်တည်း အလစ်အငိုက် အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တပ်မတော်သား ၁ ဦး၊ စုစုပေါင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း ၁ ဦးတို့ ကျဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၉ ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူ အများအပြားဒဏ်ရာရရှိခဲ့ကာ လက်နက် ၆ လက် ဆုံးရှုံးခဲ့ရသည်။

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကို ပြင်းထန်စွာ ရှုတ်ချပါသည်။ အကြမ်းဖက်တိုက်ခိုက်မှု မှန်သမျှကို တားဆီးကာကွယ်သွားမည်ဖြစ်သည်။ ထို့ပြင် အကြမ်းဖက်မှုတွင် ပါဝင်ကျူးလွန်သူများ၊ ငွေကြေးထောက်ပံ့သူများ၊ စီစဉ်ဆောင်ရွက်သူများ၊ ပူးပေါင်းကြံစည်သူများ၊ အားပေးကူညီသူများ အားလုံးကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်သည်။

၆။ သို့ဖြစ်၍ ယခုအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သော အစွန်းရောက်ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် ယင်းအကြမ်းဖက်သမားများအတွက် တာဝန်ရှိသော Arakan Rohingya Salvation Army (ARSA) တို့ကို အကြမ်းဖက်အုပ်စုဖြစ်သည်ဟု အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆ ၊ ပုဒ်မခွဲ (င) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

MOFA | MMBS 1.0.0 | Printed By ... ON 27/08/2017 14:40:48